**ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ**
**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန**

အမိန့်ကြော်ငြာစာအမှတ် ( ၂ /၂၀၂၀ )
ရန်ကုန်၊ ၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃ ရက်)

**ဒါရိုက်တာများနှင့် ဆက်နွှယ်သည့်ပုဂ္ဂိုလ်များသို့ ပေးအပ်သည့် အခကြေးငွေနှင့် အခြားအကျိုး ခံစားခွင့်များအတွက် အတည်ပြုခြင်းနှင့် စပ်လျဉ်းသည့် လမ်းညွှန်ချက် ထုတ်ပြန်ခြင်း**

မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပုဒ်မ ၄၆၂ ၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၂) နှင့် ပုဒ်မ ၄၁၉ အရ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံး၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသည် မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပုဒ်မ ၁၈၇ နှင့် ၁၈၈ အရ ဒါရိုက်တာများနှင့် ဆက်နွှယ်သည့် ပုဂ္ဂိုလ်များသို့ ပေးအပ်သည့် အခကြေးငွေနှင့် အခြားအကျိုးခံစားခွင့်များအတွက် အတည်ပြုခြင်းနှင့် စပ်လျဉ်း၍ လိုအပ်ချက်များအပေါ် လမ်းညွှန်ချက်အား ဤအမိန့်ကြော်ငြာစာ ဖြင့် ထုတ်ပြန်လိုက်သည်–

၁။ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေကို လိုက်နာ၍ ကုမ္ပဏီ၏ ဒါရိုက်တာ အဖွဲ့သည် အောက်ဖော်ပြပါ အခြေအနေတစ်ခုခုနှင့် ကိုက်ညီလျှင် ဒါရိုက်တာတစ်ဦးဦး၊ ယခင်က တာဝန် ထမ်းဆောင်ခဲ့သော ဒါရိုက်တာ တစ်ဦးဦး သို့မဟုတ် ဆက်နွှယ် သည့် ပုဂ္ဂိုလ်တစ်ဦးဦးသို့ အခကြေးငွေနှင့် အခြားအကျိုးခံစားခွင့်များ ပေးအပ် ခြင်း နှင့် စပ်လျဉ်း၍ ခွင့်ပြုနိုင်သည် –

(က) ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပုဒ်မ ၁၈၇၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၆) တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိပြီး ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့က ကျေနပ်လက်ခံလျှင်။

(ခ) မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပုဒ်မ ၁၈၈ အရ ကုမ္ပဏီတွင် ပါဝင်သူများက အဆိုပါ ပေးအပ်ခြင်းကို အတည်ပြုလျှင်။

၂။ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပုဒ်မ ၁၈၇၊ ပုဒ်မခွဲ(က) ၊ ပုဒ်မခွဲငယ် (၆) အရ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့က အတည်ပြုခြင်းဖြစ်ပါက မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပုဒ်မ ၁၈၇ ပုဒ်မခွဲ (ခ)၊ (ဃ) နှင့် (ဆ) တို့ကို လိုက်နာရမည်။

၃။ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပုဒ်မ ၁၈၈ အရ ကုမ္ပဏီတွင် ပါဝင်သူများက အတည်ပြု ခြင်းဖြစ်ပါက မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပုဒ်မ ၁၈၈ ၊ ပုဒ်မခွဲ (ခ) မှ (ဆ) အထိ ပြဋ္ဌာန်း ချက်များကို လိုက်နာရမည်။ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပုဒ်မ ၁၈၇ နှင့်အညီ ကုမ္ပဏီ၏

ဒါရိုက်တာအဖွဲ့မှ အတည်မပြုနိုင်သည့် ကိစ္စရပ်များကိုသာ ကုမ္ပဏီတွင် ပါဝင်သူများက အတည်ပြုရမည်။

၄။ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပုဒ်မ ၁၈၇အရ ဒါရိုက်တာအဖွဲ့က အတည်ပြုခြင်းဖြစ်ပါက ကုမ္ပဏီများသည် အီလက်ထရောနစ် မှတ်ပုံတင်စနစ် Myanmar Companies Online (MyCO) တွင် တင်ပြရန်မလိုဘဲ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပုဒ်မ ၁၈၈ နှင့်အညီ ကုမ္ပဏီတွင် ပါဝင်သူများ အတည်ပြုခြင်း ကိစ္စရပ်ဖြစ်ပါက ကုမ္ပဏီများသည် အီလက်ထရောနစ် မှတ်ပုံတင်စနစ် Myanmar Companies Online (MyCO)တွင် ပုံစံ ဃ-၂ (က) နှင့် ဃ-၂ (ခ) တို့ကို တင်ပြရမည်။